Sanchez ပန်းချီကို ကလေးများ mural ဟူပြီး ချစ်ခင်စွာဖြင့် လေးစား သမှု ခေါ်ဆိုထားသော Mural ဟာ နှစ်ပေါင်း ၃၀ ကျော်အတွင်း George I Sanchez Elementary စာကြည့်တိုက်မှာ ယခင်နှစ်အထိ မားမား မတ် မတ် တည်ရှိ နေခဲ့တာ ဖြစ်ပါတယ်။ ဒီပန်းချီကားကို ၁၉၈၉ ခုနှစ်တွင် ပန်းချီဆရာ Raul Valdez က သူ၏ ကျောင်းသား ၃၀၀ နှင့်အတူ ဖန်တီးခဲ့တာဖြစ်ပါတယ်။

ဤလှပတင့်တည်တဲ့ နံရံဆေးရေး ပန်းချီကား ဟာဆိုရင် လူသားတွေရဲ့ သမိုင်းမတိုင်မီ ခေတ်မှ ယနေ့ ခေတ် ကမ္ဘာအထိ ယဉ်ကျေးမှုပေါင်းစုံနှင့် ရာဇဝင်ကို ဆေးရောင်စုံ စုတ်ချက်များစွာဖြင့် အသေသပ်ဆုံး သော နည်းဖြင့် လူသား၏ သမိုင်းကို သရုပ်ဖော်ထားခြင်းပဲဖြစ်ပါတယ်။

အတူ တကွပူးပေါင်းလုပ်ဆောင်ခြင်းရဲ့ အကျိုးကိုထင်ဟပ်ပြသထားသော မြင်ကွင်းကျယ် တန်ဖိုး ကြီး လက် ရာ ကို ခြောက်သွေ့ သောအရပ်တွင်ထားရှိကာ ဖုန်မှုန့်များမှ ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ခက်ခဲ သော ဆုံးဖြတ်ချက်ကိုနောက်ဆုံးတွင်အတည်ပြုကာ ယခုနှစ် April လတွင် ရိုသေ စွာဖြုတ် ချခဲ့ပါတယ်။ ထို့နောက် ဖြုတ်ချခြင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော အသေးစား ပျက်စီးမှုများအား စစ်ဆေး ပြီး ယခုအချိန်တွင်မှတ်တမ်းတင်ထားခဲ့ပါသည်။ ပြီးနောက် နံရံကို ကတ်ထူ ပြား နှင့် သေချာစွာ ထုပ်ပိုး ပြီး Sanchez မူလတန်းကျောင်း

အဆောက်အအုံသစ် တွင် တပ်ဆင် မည့်အချိန်အထိ ရာသီ ဥတု ဆိုင်ရာ ပျက်စီးမှုထိန်းချုပ်သိုလှောင်ခန်းတွင် သိမ်းဆည်း ထားမည် ဖြစ်သည်။ Raul Valdez နှင့် ကျွန်ုပ်တို့၏ AISD ကျောင်းသားများ ၏ လုပ်ငန်းကို ထိန်းသိမ်းခြင်း သည် ကျွန်ုပ် တို့အတွက် အလွန် အရေး ကြီးပါသည်။ Raul သည် သူ၏ မက်ဆီကန် အမေရိကန် အမွေအနှစ်နှင့် အရှေ့ Austin တွင် ဆက်လက်၍ ခိုင်မာ နေဆဲ ဖြစ်သော လက်တင် ယဉ်ကျေးမှု နှင့် တီထွင် ဖန်တီးမှု တွင် ဂုဏ်ပြုထိုက် သည့် လှပသော ဥပမာ တစ်ခု ဖြစ်ပေသည်။